**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၆/၂၀၂၆)**

**၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်**

**( ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက် )**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရှေ့နေများအက်ဥပဒေပုဒ်မ ၂၇ နှင့်အညီ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **အထက်တန်းရှေ့နေတို့၏ အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင် ပါရှိသော စကားရပ်များသည် ရှေ့နေများအက်ဥပဒေတွင် ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အထက်တန်းရှေ့နေ** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရှေ့နေများမှတ်ပုံတင်စာရင်းစာအုပ်တွင် အမည်စာရင်းတင်သွင်း၍ အမှုလိုက်ပါဆောင်ရွက်ခွင့် သက်တမ်းရှိသော သက်သေခံလက်မှတ်ကိုင်ဆောင်ထားသည့် အထက်တန်းရှေ့နေကို ဆိုသည်။

(ခ) **တရားရုံး** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်သော တရားရုံးများကို ဆိုသည်။

(ဂ) **တရားမမှု** ဆိုသည်မှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်တို့အရ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးအဆင့်ဆင့်တွင် စစ်ဆေးစီရင်သော တရားမကြောင်းဆိုင်ရာ အမှုအသီးသီးကို ဆိုသည်။

(ဃ) **တရားမမူလမှု** ဆိုသည်မှာ တရားရုံးက ၎င်း၏ မူလမှုစီရင်ပိုင်ခွင့်အာဏာအရ စစ်ဆေးစီရင်သော တရားမမှုကို ဆိုသည်။

(င) **တရားမအယူခံမှု** ဆိုသည်မှာ တရားရုံးတစ်ရုံးကချမှတ်သည့် စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို အယူခံမှုစီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တရားမကျင့်ထုံး ဥပဒေနှင့်အညီ အယူခံသည့်အမှုကို ဆိုသည်။

(စ) **တရားမပြင်ဆင်မှု** ဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သည့် စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို ပြင်ဆင်မှုစီရင်ပိုင်ခွင့်ရှိသော တရားရုံးက တရားမကျင့်ထုံး ဥပဒေနှင့်အညီ ပြန်လည်စိစစ်ရန် ဖွင့်လှစ်သည့်အမှုကို ဆိုသည်။

(ဆ) **တရားမလွှဲအပ်မှု** ဆိုသည်မှာ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးသို့ တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ လွှဲအပ်သော တရားမဆိုင်ရာလွှဲအပ်မှုကို ဆိုသည်။

(ဇ) **တရားမအထွေထွေလျှောက်လွှာ** ဆိုသည်မှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တင်သွင်းသော တရားမ ဆိုင်ရာလျှောက်လွှာအသီးသီးကို ဆိုသည်။

(ဈ) **ဇာရီမှု** ဆိုသည်မှာ တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ကို အတည်ပြု ဆောင်ရွက်ရန် တရားမကျင့်ထုံးဥပဒေနှင့်အညီ ဖွင့်လှစ်သောအမှုကို ဆိုသည်။

(ည) **ကြားဖြတ်လျှောက်လွှာ** ဆိုသည်မှာ တရားမမှုတစ်ရပ်ရပ်တွင် အမှု အတောအတွင်း တင်သွင်းသော လျှောက်လွှာအသီးသီးကို ဆိုသည်။

(ဋ) **မခုခံသောအမှု** ဆိုသည်မှာ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ကြောင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အမှုသည်အချင်းချင်း သဘောတူညီချက် အရ စေ့စပ်ပြေငြိမ်းကြသဖြင့်လည်းကောင်း၊ အဆိုအချေတွင် ဝန်ခံချက်အရ လည်းကောင်း သက်သေခံချက်ရယူရန်မလိုဘဲ ဒီကရီချမှတ်နိုင်သည့် တရားမ မူလမှုကို ဆိုသည်။

(ဌ) **ရှေ့နေခ** ဆိုသည်မှာ တရားမမှုများတွင် တရားစရိတ်အဖြစ် သတ်မှတ်ပေးရမည့် အထက်တန်းရှေ့နေ၏ အမှုလိုက်ပါဆောင်ရွက်ခကို ဆိုသည်။

## အခန်း (၂)
## ရှေ့နေခနှုန်းထားများ

၃။ တရားရုံးက မိမိစီရင်ချက်တွင် အခြားနည်းအမိန့်ချမှတ်ခြင်းမရှိလျှင် တရားမမူလမှုတွင် ရှေ့နေခကို အောက်ပါနှုန်းထားများအတိုင်း တွက်ချက်သတ်မှတ်ရမည်-

(က) စွဲဆိုသော အချင်းဖြစ်ငွေပမာဏ သို့မဟုတ် အချင်းဖြစ်အကြောင်းခြင်းရာ၏ တန်ဖိုးသည်-

(၁) ကျပ် ၁၀ သိန်းထက်မပိုလျှင် အမှုတန်ဖိုးအပေါ်၌ ၃ ရာခိုင်နှုန်း၊

(၂) ကျပ် ၁၀ သိန်းထက်ပို၍ ကျပ် သိန်း ၁၀၀ ထက်မပိုလျှင် ကျပ် ၁၀ သိန်း အပေါ်၌ ၃ ရာခိုင်နှုန်းနှင့် ကျန်ငွေအပေါ်၌ ၁ ရာခိုင်နှုန်း၊

(၃) ကျပ် သိန်း ၁၀၀ ထက်ပိုလျှင် ကျပ် သိန်း ၁၀၀ အပေါ်၌ အထက် နည်းဥပဒေခွဲငယ် (၂) ပါနှုန်းအတိုင်းနှင့် ကျန်ငွေအပေါ် ၀.၅ ရာခိုင်နှုန်း၊

(ခ) မည်သည့်တရားမကြီးမှုတွင်မှ ဤနည်းဥပဒေအရ တွက်ချက်၍ရရှိသော ရှေ့နေခ သည် ကျပ် ၂ သိန်း ထက်မပိုစေရ။

(ဂ) မည်သည့်တရားမကြီးမှုတွင်မှ အောက်ဖော်ပြပါငွေထက် လျော့နည်း၍ ရှေ့နေခကို သတ်မှတ်ခြင်းမပြုရ-

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး များနှင့် ခရိုင်တရားရုံးများတွင် ကျပ် ၃ သောင်း၊

(၂) မြို့နယ်တရားရုံးများတွင် ကျပ် ၁ သောင်း။

(ဃ) ဤနည်းဥပဒေအလို့ငှာ အချင်းဖြစ်ငွေပမာဏ သို့မဟုတ် တန်ဖိုးကို ရုံးခွန်များ အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တွက်ချက်ရမည်။ သို့ရာတွင် ရုံးခွန်များအက်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (၅)၊ (၆)၊ (၉) နှင့် (၁၀)(ဃ) တို့ တွင် အကျုံးဝင်သောအမှုများတွင်မူ အချင်းဖြစ်ပစ္စည်း၏တန်ဖိုးဖြင့် တွက်ချက် ရမည်။

(င) မခုခံသောအမှုများတွင် ဤနည်းဥပဒေအရ တွက်ချက်၍ရသော ရှေ့နေခ၏ ထက်ဝက်ထက်မပိုသည့် အခငွေကိုသာ သတ်မှတ်ရမည်။

(စ) ခုခံချေပချက်သည် မမှန်သည့် သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်စေသည့် သို့တည်းမဟုတ် အချိန်ကြန့်ကြာစေရန်အလို့ငှာ တင်သွင်းသည့် ခုခံချေပချက် ဖြစ်သည်ဟု တရားရုံးကထင်မြင်လျှင် ဤနည်းဥပဒေအရ တွက်ချက်ရရှိသည့် ရှေ့နေခအပြင် တရားရုံးက သင့်သည်ထင်မြင်သည့် ကျပ် ၂ သိန်းထက်မပိုသော ရှေ့နေခကိုလည်း တရားလိုအတွက် တိုး၍သတ်မှတ်နိုင်သည်။

၄။ နောက်ဆက်တွဲ အကျိုးဆက်သက်သာခွင့်ကို တောင်းဆိုခြင်းမပြုသည့် မြွက်ဟ ကြေညာချက်သက်သက် တောင်းဆိုသည့် တရားမမူလမှုနှင့် အငြင်းပွားသည့် အချင်းဖြစ် အကြောင်းခြင်းရာ၏ ငွေတန်ဖိုးကို ခန့်မှန်းရန်မဖြစ်နိုင်သည့် တရားမမူလမှုတွင် ရှေ့နေခကို

တရားရုံးက မိမိသဘောအတိုင်း သတ်မှတ်ပေးနိုင်သည်။ သို့ရာတွင် အောက်ပါငွေပမာဏထက် မပိုစေရ-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများတွင် ကျပ် ၁ သိန်း၊

(ခ) မြို့နယ်တရားရုံးများတွင် ကျပ် ၅ သောင်း။

၅။ တရားမအထွေထွေလျှောက်လွှာနှင့် ဇာရီမှုတွင် ရှေ့နေခကို တရားရုံးက မိမိသဘောအတိုင်း သတ်မှတ်ပေးနိုင်သည်။ သို့ရာတွင် အောက်ပါငွေပမာဏထက် မပိုစေရ-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများတွင် ကျပ် ၂ သောင်း၊

(ခ) မြို့နယ်တရားရုံးများတွင် ကျပ် ၁ သောင်း။

၆။ ကြားဖြတ်လျှောက်လွှာများအတွက် ရှေ့နေခကို တရားရုံးက မိမိသဘောအတိုင်း သတ်မှတ်ပေးနိုင်သည်။ သို့ရာတွင် အောက်ပါငွေပမာဏထက် မပိုစေရ-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများတွင် ကျပ် ၂ သောင်း၊

(ခ) မြို့နယ်တရားရုံးများတွင် ကျပ် ၁ သောင်း။

၇။ တရားမအယူခံမှု၊ တရားမပြင်ဆင်မှုနှင့် တရားမလွှဲအပ်မှုတွင် ကျပ် ၃ သောင်းထက်မပိုသော ရှေ့နေခကို တရားရုံးက မိမိသဘောအတိုင်း သတ်မှတ်ပေးနိုင်သည်။

၈။ အထက်တွင် မည်သို့ပင်ပါရှိစေကာမူ တရားမမှုတစ်ရပ်ရပ်တွင် အငြင်းပွားသည့်ပြဿနာသည် ခဲယဉ်းခက်ခဲသည့် ဥပဒေကြောင်းဆိုင်ရာပြဿနာဖြစ်သည့်အခါ အထက်တန်းရှေ့နေ၏ အားထုတ်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုအတွက် အထက်နည်းဥပဒေများပါ သတ်မှတ်ထားသည့်နှုန်းထားများအတိုင်း ရှေ့နေခကို သတ်မှတ်ပေးခြင်းဖြင့် သင့်တော်လုံလောက်မည် မဟုတ်ဟု တရားရုံးကထင်မြင်လျှင် ကျပ် ၂ သိန်းထက်မပိုသော ရှေ့နေခကို ခွင့်ပြုနိုင်သည်။

၉။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၇၊ နည်းဥပဒေ ၁ အရ အမှုကြားနာစစ်ဆေးခြင်းကို ရွှေ့ဆိုင်းသည့်အခါ ရွှေ့ဆိုင်းရန်လျှောက်ထားသည့် အမှုသည်က "ရွှေ့ဆိုင်းသည့်အတွက် ပေးဆောင်ရမည့် သတ်မှတ်စရိတ်" တွင် အောက်ပါငွေပမာဏထက်မပိုသော ရှေ့နေခကို ထည့်သွင်းသတ်မှတ်နိုင်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများတွင် ကျပ် ၂ သောင်း၊

(ခ) မြို့နယ်တရားရုံးများတွင် ကျပ် ၁ သောင်း။

၁၀။ အောက်ပါကိစ္စများတွင်မှတစ်ပါး တရားပြိုင်အများပါရှိသော တရားမဆိုင်ရာအမှုအသီးသီးတွင် အထက်ပါနည်းဥပဒေများနှင့်အညီ အထက်တန်းရှေ့နေတစ်ဦးအတွက် သတ်မှတ်ပေးနိုင်သည့် ရှေ့နေခထက်ပိုသော အခကြေးငွေကို မသတ်မှတ်ရ–

(က) အကျိုးသက်ဆိုင်ခွင့် တသီးတခြားရှိသည့် တရားပြိုင်တစ်ဦးဦးက သီးခြားချေပချက်တင်သွင်းသည့်ကိစ္စ၊

(ခ) ထူးခြားသောအကြောင်းရှိသဖြင့် အထက်တန်းရှေ့နေတစ်ဦးအတွက် သတ်မှတ်ပေးနိုင်သည့် ရှေ့နေခထက်ပို၍ သတ်မှတ်ပေးရန် သင့်လျော်သည်ဟု တရားရုံးက ထင်မြင်သည့်ကိစ္စ၊ (ဤကိစ္စအလို့ငှာ တရားရုံးသည် မိမိ၏စီရင်ချက်တွင်ဖြစ်စေ၊ အမိန့်တွင်ဖြစ်စေ ထူးခြားသော အကြောင်းအချက်ကို ဖော်ပြရမည်။)

## အခန်း (၃)
## အထွေထွေ

၁၁။ ရန်ကုန်မြို့၊ တရားလွှတ်တော်၏ ၁၉၂၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁ (အများဆိုင်ရာ) ဖြင့် ထုတ်ပြန်ထားသော နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

( သာငွေး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၁၃၅ / ပတခ ( ၉၂၂/ ၂၀၂၆)
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဥပဒေရေးရာဝန်ကြီးဌာန

တရားလွှတ်တော်ရှေ့နေများကောင်စီ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ

အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးအားလုံး

ခရိုင်တရားရုံးအားလုံး

မြို့နယ်တရားရုံးအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာ ပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။